## အာဆီယံဆိုင်ရာ မြန်မာလူထုအခြေပြုအဖွဲ့အစည်းများ အလုပ်ရုံဆွေးနွေးပွဲ

South East Asian Committee for Advocacy (SEACA),

နှင့် SAPA Task Force on ASEAN and Burma (SAPA TFAB)

တို့မှ စီစဉ်ကျင်းပသည်။

၂၃ ဇူလိုင် ၂၀၁၃

မဲဆောက်၊ ထိုင်းနိုင်ငံ

ကြေညာချက်

1. ယနေ့အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော မိမိတို့ ထိုင်း -မြန်မာနယ်စပ်အခြေစိုက် အဖွဲ့အစည်းပေါင်း ၁၇ ဖွဲ့မှ ကိုယ်စားလှယ် ၂၈ ဦးတို့သည်
   1.1. အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သော အဖွဲ့အစည်းများအနက် Women's League Burma, SAPA Task Force on ASEAN and Burma, Burma Partnership, Mon Youth Progressive Organization , All Kachin Student Youth Union and Pa -Oh Youth Organization တို့၏ ၂၀၁၄ အာဆီယံလူထုစည်းဝေး ပြင်ဆင်မှုနှင့်အကောင်အထည်ဖော်မှုတွင် ပါဝင်လုပ်ဆောင်မည်ဟု ကတိကဝတ်ပြုမှု ကိုလည်းကောင်း၊ ထိုသို့လုပ်ဆောင်မှုများအပေါ် ကျန် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သော အဖွဲ့အစည်းများက အားပေးထောက်ခံကြောင်းနှင့် အဖွဲ့အစည်းတစ်ခုစီမှ Focal Persons တစ်ဦးချင်းစီကို ဇူလိုင်လ ၂၃ ရက်နောက်ဆုံးထား အမည်ပြန်လည်ပေးပို့ခြင်းဖြင့် အနာဂတ်တွင်မိမိကိုယ်တိုင်၏ ပါ ဝင်နိုင်ခြေရှိမှုအပေါ် လမ်းဖွင့်ထားမည် ဟု ကတိက ဝတ်ပြုမှုကိုသော်လည်းကောင်း အသိအမှတ်ပြုပါသည်။
2. ၂၀၁၄ အာဆီယံလူထုအစည်းအဝေးဖြစ်မြောက်ရေး ပြင်ဆင်နေသောအဖွဲ့အစည်းများနှင့် အစည်းအဝေးတက်ရောက်ပါဝင်မည့်သူများအား
   2.1. အများပါဝင်မှုကိုထိခိုက်စေသော မှတ်ပုံတင်ထားသော အဖွဲ့အစည်းများသာ ပါ ဝင်ရမည်ဟူသောကန့်သတ်ချက်မျိုး ပြုလုပ်ခြင်းမရှိအောင် သက်ဆိုင်သူများအားလုံးသို့ တင်ပြတောင်းဆိုရန်
   2.2. လွတ်လပ်စွာရပ်တည်သော အဖွဲ့အစည်း များအနေဖြင့် မိမိတင်ပြလိုသည့် အကြောင်းအရာများ၊ အရေးကိစ္စများအား မိမိတို့အကြား ပွင့်လင်းစွာ ပုံမှန်ဆွေးနွေးသုံးသပ်မှုများပြုနိုင်ရန် အားပေးကူညီရန်
   2.3. ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကြား ရှေ့ဆက်လက်တွဲ လုပ်ဆောင်ရေးအတွက် နားလည်မှုပိုမိုကောင်းမွန်လာအောင် ညှိနှိုင်းဆွေးနွေးမှုကို အားပေးကူညီရန်
   2.4. မြန်မာပြည်တဝှမ်းနှင့် တိုင်းရင်းသားဒေသများရှိ လူထုအခြေပြုအဖွဲ့အစည်းများ ပူးပေါင်းပါ ဝင်လာနိုင်ရန်နှင့် ၎င်းဒေသများရှိ အဖွဲ့အစည်းများနှင့်ကွန်ယက်များ၏ တင်ပြမှုများကို ပါဝင်လာနိုင်အောင်ဆောင်ရွက်ရန်နှင့်
3. ဒေသတွင်းအဖွဲ့အစည်းများအား
   3.1. လွတ်လပ်သော ACSC/APF ဖြစ်စဉ် ဖြစ်ပေါ်လာအောင် အားပေးကူညီရန်နှင့် ထိုဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ရန်
   3.2. လွတ်လပ်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ကို အနာဂါတ် ACSC/APF များတွင်ပါဝင်နိုင်ရေး အားပေးကူညီရန် အကြံပြုတိုက်တွန်းပါသည်၊
4. အာဆီယံလူထုအစည်းအဝေးတွင် အောက်ပါ အကြောင်းအရာများကို ဆွေးနွေးမှုများတွင်ထည့်သွင်းရန်နှင့် ဇယားပါဖော်ပြမှုများအတိုင်း ဦးစားပေးဆွေးနွေးမှုများပြုလုပ်ရန် အဆိုပြုတင်ပြအပ်ပါသည်။

| **Stop** | | **Review** | | **Fulfill** | |
|---|---|---|---|---|---|
| National | Regional | National | Regional | National | Regional |
| မြေယာသိမ်းဆည်းမှု | မြေယာသိမ်းဆည်းမှု | လယ်ယာမြေဥပဒေ/ လယ်ယာမြေပိုင်ဆိုင်မှု | လယ်ယာမြေဥပဒေ/ လယ်ယာမြေပိုင်ဆိုင်မှု | အမျိုးသမီးအခွင့်အရေး | အမျိုးသမီးအခွင့်အရေး |
| အမျိုးသမီးများအားအကြမ်းဖက်မှု | အမျိုးသမီးများအားအကြမ်းဖက်မှု | ပြည်တွင်းအိုးအိမ်စွန့်ခွာထွက်ပြေးသူများနှင့် ဒုက္ခသည်များ | | ကလေးအခွင့်အရေး | ကလေးအခွင့်အရေး |
| ကလေးစစ်သား | ကလေးစစ်သား | ငြိမ်းချမ်းရေးနှင့်အပစ်ခတ်ရပ်စဲရေးဖြစ်စဉ် | | ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး | ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး |
| လူကုန်ကူးမှု | လူကုန်ကူးမှု | စီးပွားရေးရင်းနှီးမြှုပ်နှံမှု | စီးပွားရေးရင်းနှီးမြှုပ်နှံမှု | တရားဥပဒေစိုးမိုးရေး | |
| ပဋိပက္ခ (ဘာသာရေး၊ လူမျိုးစု၊ တိုင်းရင်းသား) | ပဋိပက္ခ (ဘာသာရေး၊ လူမျိုးစု၊ တိုင်းရင်းသား) | စီးပွားရေးဇုံ | စီးပွားရေးဇုံ | စီးပွားရေးနှင့်လူ့အခွင့်အရေး | စီးပွားရေးနှင့်လူ့အခွင့်အရေး |
| မူးယစ်ဆေးဝါး | မူးယစ်ဆေးဝါး | | | အာဆီယံလူ့အခွင့်အရေးကာကွယ်မှုယန္တရား | အာဆီယံလူ့အခွင့်အရေးကာကွယ်မှုယန္တရား |
| လူပုဂ္ဂိုလ်လက်စဖြောက်မှု | လူပုဂ္ဂိုလ်လက်စဖြောက်မှု | | | မသန်စွမ်းသူများ အခွင့်အရေး | မသန်စွမ်းသူများ အခွင့်အရေး |
| အကျင့်ပျက်ခြစားမှု | အကျင့်ပျက်ခြစားမှု | | | LGBT အခွင့်အရေး | LGBT အခွင့်အရေး |
| | | | | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဖယ်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး | |
| | | | | သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး | သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး |
| | | | | မီဒီယာလွတ်လပ်ခွင့် | မီဒီယာလွတ်လပ်ခွင့် |
| | | | | လူ့အခွင့်အရေးကာကွယ်သူများအား ကာကွယ်မှုပေးခြင်း | လူ့အခွင့်အရေးကာကွယ်သူများအား ကာကွယ်မှုပေးခြင်း |
| | | | | ဌာနေတိုင်းရင်းသားများနှင့်လူနည်းစုအခွင့်အရေး | ဌာနေတိုင်းရင်းသားများနှင့်လူနည်းစုအခွင့်အရေး |

***ဆက်သွယ်ရန်***

*နော်ဆန်း - sycbcongress@gmail.com, ဖုန်း +66 (0) 84 811 9594*

*Mr. Joey Dimaandal - jdimaandal@seaca.net, jdimaandal@gmail.com. ဖုန်း +639088730349*